**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေးလုပ်ငန်းကော်မတီ**

သတင်းထုတ်ပြန်ချက် (၈/၂၀၂၀)
၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက်

၁။ Coronavirus Disease 2019 (COVID-19) ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီသည် COVID-19 ကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအား လိုအပ်သည့်ဘဏ္ဍာရေးဆိုင်ရာအကူအညီပေးနိုင်ရေးအတွက် COVID-19 Fund ထူထောင်ကာ စီးပွားရေးထိခိုက်မှုအများဆုံးခံခဲ့ရသည့် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး လုပ်ငန်းများသို့ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၉ ရက်နေ့မှစတင်၍ ချေးငွေများထုတ်ပေးခဲ့ပါသည်။

၂။ လုပ်ငန်းကော်မတီ၏ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၉ ရက်နေ့ ရက်စွဲပါ ကြေညာချက်တွင် ဖော်ပြပါရှိသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လုပ်ငန်း (၃၃၉၃) ခုကို ချေးငွေ (၇) ကြိမ်ခွဲ၍ အောက်ပါအတိုင်း ထုတ်ပေးခဲ့ပါသည် -

| စဉ် | လုပ်ငန်း | အရေအတွက် | ပမာဏ (ကျပ်သန်း) | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | အထည်ချုပ် CMP | ၄၅ | ၆၃၁၂.၀၀ | ၆.၂၄ % |
| (ခ) | အခြား CMP | ၂ | ၇၅.၀၀ | ၀.၀၇ % |
| (ဂ) | ဟိုတယ် | ၃၄၀ | ၁၅၇၂၀.၇၄ | ၁၅.၅၅ % |
| (ဃ) | ခရီးသွားလုပ်ငန်း | ၂၃၆ | ၃၇၅၇.၄၆ | ၃.၇၂ % |
| (င) | စားသောက်ဆိုင် | ၂၂၀ | ၅၁၈၂.၀၀ | ၅.၁၂ % |
| (စ) | စားသောက်ကုန်၊ လူသုံးကုန်၊ အထွေထွေကုန်ပစ္စည်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ MSME များ | ၂၅၅၀ | ၇၀၀၈၁.၁၀ | ၆၉.၃၀ % |
| | **စုစုပေါင်း** | ၃၃၉၃ | ၁၀၁၁၂၈.၃၀ | ၁၀၀.၀၀ % |

၃။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည့် ကြေညာချက်အမှတ် ၂/၂၀၂၀ နှင့်အညီ စီးပွားရေး လုပ်ငန်းများအား ချေးငွေထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။